Health Digest, 11 May 2005

# ကျန်းမာရေးဦးစီးဌာနနှင့် UNICEF တို့ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေးစီမံချက်များကို စာနယ်ဇင်းများသို့ရှင်းလင်း




၂၀-၄-၀၅ ရက်နေ့က ကျန်းမာရေးဦးစီးဌာနနှင့် **UNICEF** တို့ပူးပေါင်း၍ရန်ကုန်တိုင်း၊ ရန်ကုန် (တောင်ပိုင်း) ခရိုင်၊ ကော့မှူးမြို့နယ်အတွင်း အကောင်အထည်ဖော်လျက်ရှိသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုစာနယ်ဇင်းများမှပုဂ္ဂိုလ်များအား လက်တွေ့လေ့လာရှင်းလင်းပြောကြားသည့် အစီအစဉ်တစ်ခုအား **UNICEF** (မြန်မာ)မှပြုလုပ်ပေးခဲ့ပါတယ်။ ထိုနေ့ နံနက်(၇)နာရီတွင် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှတာဝန်ရှိပုဂ္ဂိုလ်များ၊ **UNICEF** (မြန်မာ)မှတာဝန်ရှိပုဂ္ဂိုလ်များနှင့် **Health Digest** ကျန်းမာရေးနှင့်ဆေးပညာဂျာနယ်၊ မြန်မာတိုင်း(မ်)၊ **The New Light of Myanmar**၊ **The 7 day News**၊ **The Voice**၊ ကုမုဒြာ၊ ယနေ့ခေတ်ဂျာနယ်များမှ အယ်ဒီတာများနှင့်သတင်းထောက်များဟာ ရန်ကုန်မြို့တစ်ဖက်ကမ်းသို့ကူးပြီး၊ ကော့မှူးမြို့နယ်သို့ခရီးထွက်ခွာခဲ့ကြပါတယ်။ ပထမဦးစွာကော့မှူးမြို့နယ်၊

စာ( ၁၀ )သို့

## ကျန်းမာရေးဦးစီးဌာန . . .မှ

နတ်စင်ကုန်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနသို့ ဝင်ရောက်လေ့လာခဲ့ကြရာ၊ နတ်စင်ကုန်းကျေးရွာ၊ ကျေးလက်ကျန်းမာရေးဌာနမှ လက်ထောက်ကျန်းမာရေးမှူး ဦးအောင်တိုးက နတ်စင်ကုန်းကျေးလက်ကျန်းမာရေးဌာန၏ ဖွဲ့စည်းပုံ၊ ၎င်းဌာနပိုင် နယ်မြေအတွင်း ဆောင်ရွက်လျက်ရှိသော ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများအကြောင်းကိုရှင်းလင်းပြောကြားခဲ့ပါတယ်။ ပြည်သူ့အခြေပြု ကျန်းမာရေးလုပ်ငန်းများဆောင်ရွက်နေပုံများကိုလည်းရှင်းလင်းပြောကြားခဲ့ပါတယ်။ စာနယ်ဇင်းသမားများဟာနတ်စင်ကုန်းကျေးလက်ကျန်းမာရေးဌာနလက်အောက်ရှိ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းအရံသားဖွားဆရာမများ၊ ကျန်းမာရေးလုပ်သားများ၊ ဆက်သွယ်ရေးမှူးများ၊ ကျေးရွာကိုယ်စားပြုရပ်ရွာလူကြီးများနှင့် တွေ့ဆုံဆွေးနွေးမေးမြန်းခဲ့ကြပါတယ်။ ထို့နောက် လေ့လာရေးအဖွဲ့ဟာ ကော့မှူးမြို့နယ်၊ ပြည်သူ့ဆေးရုံသို့ ဆက်လက်ထွက်ခွာခဲ့ကြပါတယ်။ ကော့မှူးမြို့နယ်၊ ပြည်သူ့ဆေးရုံခန်းမတွင် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဒေါက်တာနွယ်နီအုန်း၊ တိုင်း ကလေးအထူးကုဆရာဝန်ကြီးဒေါက်တာ ခင်မာအေး၊ **UNICEF** (မြန်မာ)မှ လက်ထောက်စီမံချက်အရာရှိ ဒေါက်တာကျော်သင်းတို့ကအမှာစကားများ အသီးသီးပြောကြားခဲ့ကြပါတယ်။ ထို့နောက် ကော့မှူးမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစောလွင်က၊ ကော့မှူးမြို့နယ် ကျန်းမာရေးဦးစီးဌာန ဖွဲ့စည်းပုံနှင့်တကွ ကော့မှူးမြို့နယ်အတွင်းဆောင်ရွက်လျက်ရှိသော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ **UNICEF** နှင့်ပူးပေါင်း၍ အကောင်အထည်ဖော်လျက်ရှိသော ကျန်းမာရေးစီမံချက်များ၊ အထူးသဖြင့် အမျိုးသမီးနှင့်ကလေး ကျန်းမာရေးဖွံ့ဖြိုးမှုစီမံချက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပုံများကို အသေးစိတ်ရှင်းလင်း ပြောကြားခဲ့ပါတယ်။ ရှင်းလင်းပွဲအပြီးတွင် လေ့လာရေးအဖွဲ့ဝင်များဟာ ကော့မှူးမြို့နယ် ပြည်သူ့ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြရာ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ စောလွင်က လူနာဆောင်များ၊ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ရုံ၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းအတွက် ကာကွယ်ဆေးများ သိုလှောင်ထားရှိပုံ စသည်တို့ကိုပြသခဲ့ပါတယ်။ လေ့လာရေးအဖွဲ့ဝင်များဟာကော့မှူးမြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအချို့အတွင်း လက်တွေ့ကွင်းဆင်းပြီး၊ အမျိုးသမီးနှင့်ကလေး ကျန်းမာရေးဖွံ့ဖြိုးမှုစီမံချက် အကောင်အထည်ဖော်နေပုံများကို လက်တွေ့လေ့လာခဲ့ကြပြီး၊ နေ့လယ်ပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြပါတယ်။ အမျိုးသမီးနှင့် ကလေး ကျန်းမာရေးဖွံ့ဖြိုးမှုစီမံချက်ကို အကောင်အထည်ဖော်တဲ့နေရာမှာ ရန်ကုန်တိုင်းအတွင်း(၄၅)မြို့နယ်ရှိသည့်အနက် **Area Focus Township** (၂)မြို့နယ်အဖြစ် ကော့မှူးမြို့နယ်နှင့်ကြည့်မြင်တိုင်မြို့နယ်တို့ကိုရွေးချယ်ခဲ့ပြီး ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါတယ်။

မောင်